M-၁၄၄၈
၂၆/၂

နောက်ဆက်တွဲ (၁)

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

MYANMAR WOOD MART CO.,LTD.

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီ
ညွှန်ကြားမှု ဦးစီးဌာန
(စာရင်းမှတ်ပုံတင်

အမှတ်စဉ် M- ၁၄၄၈
ရရှိရက်စွဲ ၂၆/၂
ရရှိအချိန်
လက်ခံသူလက်မှတ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်	
ဖတ်ရှုပြီး	
ဥက္ကဋ္ဌ	၂၇/၂
အဖွဲ့ဝင်	
အဖွဲ့ဝင်	
အဖွဲ့ဝင်	
အတွင်းရေးမှူး	၂၇/၂
ရက်စွဲ	

Co-or

MYANMAR WOOD MART CO., LTD.

No. 69, Room No. (1404), Yuzana Tower, Corner of Kabar Aye Pagoda Road &
Shwe Gone Daine Road, Bahan Township, Yangon, Myanmar.
Tel : 951- 552820 Fax : 951- 552820

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်။

စာအမှတ် - ၀၀၅ / MWM / ၂၀၀၈
ရက်စွဲ - ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်

အကြောင်းအရာ။ ။ မြန်မာ့သစ်ဈေးကွက် ကုမ္ပဏီလီမိတက်မှ ရာဘာချောသားနှင့် ရာဘာသစ်ပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ (၁) မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက်၏ (၁၀ - ၁၀- ၂၀၀၆) ရက်စွဲပါအဆိုပြုတင်ပြစာ။

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရည်ညွှန်းချက် (၁) ပါစာဖြင့် ဤကုမ္ပဏီမှ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြခဲ့ပါသည်။

၂။ ယင်းအဆိုပြုတင်ပြချက်အား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရဖွဲ့သို့ ဆက်လက်တင်ပြနိုင်ပါရန် သက်ဆိုင်ရာအဆိုပြုလွှာ (၁၃)စုံကို ဤစာဖြင့် ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံကော်မရှင်

နေပြည်တော်

စာအမှတ် - ၀၂၁ / MWM / ၂၀၀၇

ရက်စွဲ - ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ၊ (၂၄) ရက်။

အကြောင်းအရာ။ ။ **မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်မှ ရာဘာချောသားနှင့် ရာဘာသစ် ပရိဘောဂများ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ ။ (၁) မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်၏ (၁၀-၁၀-၂၀၀၆) ရက်စွဲပါအဆိုပြုတင်ပြစာ။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရည်ညွှန်းချက် (၁) ပါစာဖြင့် ဤကုမ္ပဏီမှ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက်တင်ပြခဲ့ပါသည်။

၂။ ယင်းအဆိုပြုတင်ပြချက်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ကုန်သွယ်ရေးမူဝါဒကောင်စီ သို့ ဆက်လက်တင်ပြနိုင်ပါရန် သက်ဆိုင်ရာအဆိုပြုလွှာ (၂၈) စုံကို ဤစာဖြင့်အတူ ပူးတွဲပေးပို့တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်။
- ရုံးလက်ခံစာတွဲ

MYANMAR WOOD MART CO., LTD.

No. 69, Room No. (1404), Yuzana Tower, Corner of Kabar Aye Pagoda Road &
Shwe Gone Daine Road, Bahan Township, Yangon, Myanmar.
Tel : 951- 552820 Fax : 951- 552820

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်

စာအမှတ် ၀၁၅/ MWM/ ၂၀၀၇
ရက်စွဲ ၂၀၀၇ခုနှစ်စက်တင်ဘာလ(၁၁)ရက်

အကြောင်းအရာ။ ။မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်မှ ရာဘာသစ်ချောသားနှင့် ရာဘာသစ် ပရိဘောဂများ ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက်။ ။(၁) မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်၏ (၁၀.၁၀.၂၀၀၆) ရက်စွဲပါတင်ပြစာ။
(၂) မြန်မာနိုင်ငံ ရင်နှီးမြှုပ်နှံမှုကော်မရှင်၏ (၃၀.၈.၂၀၀၇) ရက်စွဲပါစာအမှတ် ရက-၆(က)/မ-၉၈၁/၂၀၀၇(၅၃၈၆)။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပါတ်သက်၍ ရာဘာသစ်ချောသားနှင့် ရာဘာသစ် ပရိဘောဂများ ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ရည်ညွှန်းချက်(၁) ပါစာဖြင့် ၄င်းကုမ္ပဏီမှ မြန်မာနိုင်ငံရင်နှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုချက် တင်ပြခဲ့ပါသည်။

၂။ ယင်းအဆိုပြုချက် (နောက်ဆက်တွဲ-၁၆) ပါလုပ်ခနှင့် လစာနှုန်းများသည် ယခင်လုပ်ခ/ လစာနှုန်းဟောင်း ပေါ်အခြေပြုခဲ့သဖြင့် လက်ရှိကာလဒေသ ပေါက်ဈေးနှုန်းများနှင့် ကိုက်ညီမှုမရှိခဲ့ရပါ။

၃။ သို့ဖြစ်ပါ၍ လက်ရှိ ကာလဒေသ ပေါက်ဈေးနှုန်းများနှင့် ဆီလျော် ဆက်စပ်မှုရှိစေမည့် လုပ်ခ/လစာ နှုန်းများကို ညှိနှိုင်းပြုပြင် ရေးဆွဲထားရှိသည့် ဝန်ထမ်း လုပ်ခ/လစာစာရင်း (Salary List) ကို ဤစာဖြင့် ပူးတွဲ တင်ပြအပ်ပါသည်။

၄။ ဤကုမ္ပဏီအနေဖြင့် လုပ်ခ/လစာနှုန်းများ အပြင် အခြားခံစားခွင့်များ ဆိုင်ရာ ရှင်းလင်းချက် ကိုလည်း ဤစာဖြင့်ပူးတွဲတင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

WIN WIN SHWE
DIRECTOR
MYANMAR WOOD MART CO., LTD.

မိတ္တူကို
-ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ နေပြည်တော်။
-ရုံးလက်ခံစာတွဲ

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
နေပြည်တော်
ရုံးအမှတ်(၃၂)

စာအမှတ်၊ ၀၁၅ / MWM / ၂၀၀၆
ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်

အကြောင်းအရာ။ ။ မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက် (Myanmar Wood Mart Co.,Ltd.) မှ ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက်တင်ပြခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ (၁) မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်၏ (၁၁-၈-၂၀၀၆)ရက်စွဲပါ တင်ပြစာ
(၂) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၈-၈-၂၀၀၆)နေ့စွဲပါစာအမှတ် ရက-၆(က)/မ-၉၈၀/၂၀၀၆ (၉၆၇)

၁။ မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်မှ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ သပြေချောင်းကျေးရွာ မြေကွက်အမှတ်(၁၀၃/ခ)ဦးပိုင်အမှတ်(၂၆၈/၁+၂+၃+၄+၅+၇+၈+၁၁+၁၂ နှင့် ၂၆၉/၂၇၀)ရှိ လန(၃၉) မြေဧရိယာစုစုပေါင်း(၇. ၅၄)ဧကပေါ်တွင် ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီဆောင်ရွက်ခွင့်ပြုပါရန် ရည်ညွှန်းချက်(၁)ပါ စာဖြင့် တင်ပြခဲ့ပါသည်။

၂။ ယင်းသို့တင်ပြချက်အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် စိစစ်ခဲ့ရာတွင် လိုအပ်ချက်များရှိပါ၍ ရည်ညွှန်းချက်(၂)ပါစာဖြင့် အကြောင်းကြားတောင်းခံမှုများအပေါ် အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါသည်။

(က) ကုန်ချောများတင်ပို့ရောင်းချမည့် ပြည်ပဈေးကွက်အခြေအနေ
- ဤကုမ္ပဏီအနေဖြင့် အာရှတိုက်အပြင်သို့ အဓိကတင်ပို့ရောင်းချမှုပြုလုပ်ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။
- ယင်းသို့တင်ပို့ရောင်းချသွားမည့် နိုင်ငံများ၏ကုန်အမှာလွှာများကို ပူးတွဲပါ (၁/၂)ဖြင့် တင်ပြအပ်ပါသည်။

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

(ခ) ပတ်ဝန်းကျင်တည်နေရာပြပုံ

- ဤကုမ္ပဏီအနေဖြင့် ကုန်ထုတ်လုပ်မှုဆောင်ရွက်မည့်စက်ရုံမှာ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ သပြေချောင်းကျေးရွာ၊ မြေကွက်အမှတ်(၁၀၃/ခ) ဦးပိုင်အမှတ် (၂၆၈/၁+၂+၃+၄+၅+၇+၈+၁၁+၁၂ နှင့် ၂၆၉/၂၇၀)ရှိ လန(၃၉)မြေဖြစ်ရိယာ စုစုပေါင်း(၇. ၅၄)ဧကပေါ်တွင် တည်ရှိပါသည်။
- ပတ်ဝန်းကျင်တည်နေရာပြပုံကို ပူးတွဲ(၃)ဖြင့် တင်ပြအပ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ငွေကြေးအထောက်အထား။

- ဤကုမ္ပဏီမှ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် လိုအပ်သော ငွေကြေးအထောက် အထားအဖြစ်ယခင်အဆိုပြုချက်တင်ပြစဉ် ကမ္ဘောဇဘဏ် (လမ်းမတော်ဘဏ်ခွဲ) ရှိ အုပ်ချုပ်မှုဒါရိုက်တာ၏ဘဏ်စာရင်းတွင် လက်ကျန်ငွေကျပ် ၂၀,၀၀၀,၀၀၀/- ကျပ် (ကျပ်သိန်းနှစ်ရာနှင့် တစ်သောင်းတိတိ)ငွေကို ဘဏ်ထောက်ခံချက်အရ ပးတဲတင်ပြခဲပြီးဖြစ်ပါသည်။
- ယခုကမ္ဘောဇဘဏ်(လမ်းမတော်ဘဏ်ခွဲ)တွင် ဘဏ်ဆိုင်ရာ အုပ်ချုပ်မှုဒါရိုက်တာ ၏ ဘဏ်စာရင်းတွင် လက်ကျန်ငွေကျပ် ၅၀,၀၀၀,၀၀၀/-(ကျပ်သိန်းငါးရာနှင့် တစ်သောင်းတိတိ)ရှိကြောင်း ဘဏ်၏ထောက်ခံချက်ကို ပူးတွဲ(၄)ဖြင့် ထပ်မံ တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

မိတ္တူကို

- ရုံးလက်ခံစာတွဲ

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ်၊ ၀၀၂/MWM/၂၀၀၆
ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် လ (၁၁) ရက်

အကြောင်းအရာ။ ။ **ရာဘာသန့်စင်စက်ရုံနှင့်ရာဘာပင်ထွက်ပစ္စည်းများထုတ်လုပ်ရေးစက်ရုံ တည်ဆောက်မှုအတွက် အဆိုပြုလွှာတင်ပြခြင်း။**

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ Myanmar Wood Mart Company Limited (ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၈၁၂/၂၀၀၄-၂၀၀၅) နေ့စွဲ (၂၂-၃-၀၅)အနေဖြင့် တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ သပြေ ချောင်းကျေးရွာ မြေကွက်(၁၀၃/ခ)၊ ဦးပိုင်အမှတ် (၂၆၈/၁ + ၂ + ၃ + ၄ + ၅ + ၇ + ၈ + ၁၁ + ၁၂ နှင့် ၂၆၉/ ၂၇၀)ရှိ မြေဧရိယာ(၇. ၅၄)ဧကပေါ်တွင် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများ ထုတ်လုပ်မှု စက်ရုံတည်ဆောက်ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်သွားနိုင်ပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားသည့် ကုမ္ပဏီဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ခွင့်ပြုမိန့်ချမှတ်ပေးနိုင်ပါရန်အတွက် ဤကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအဆိုပြုလွှာ(၁)စုံကို အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများ ပူးတွဲလျက် လျှောက်ထားတင်ပြအပ်ပါသည်။

(၁) ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက် (မနသ-ပုံစံ)၊
(၂) မြေထည့်ဝင်မှု သဘောတူအစည်းအဝေးမှတ်တမ်းနှင့် အထောက်အထားများ၊
(၃) ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ တွက်ချက်မှုများ
(၄) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ
(၅) ကုမ္ပဏီမှတ်ပုံတင်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊

လေးစားစွာဖြင့်

MAN[illegible] [illegible]CTOR
MYANMAR WOOD MART CO., LTD.

မိတ္တူကို

လက်ခံစာကွဲ

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ၊ ၀၀၄ / MWM / ၂၀၀၆
ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် လ (၁၇) ရက်

အကြောင်းအရာ ။ ။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုမိန့်ထုတ်ပေးပါရန်နှင့် ယင်းဥပဒေအရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်း

၁။ [illegible] Myanmar Wood Mart Co., Ltd အနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် ရာဘာသစ်ချောသားခွဲစိတ်ပေါင်းတင်ထုတ်လုပ်မှုစက်ရုံပည်ဆောက်လျှက် ရာဘာသစ်ချောသားများ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့မှု၊ ပြည်တွင်းဖြန့်ဖြူးမှုကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လျှောက်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၂။ ဤကုမ္ပဏီသည် (၇.၅၄)ဧက အကျယ်အဝန်းရှိ မြေနေရာတွင် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများ ထုတ်လုပ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကုန်ကြမ်းများဝယ်ယူ၍ ခေတ်မီနည်းပညာများ၊ စက်ကိရိယာများဖြင့်ထုတ်လုပ်လျှက် ပြည်ပသို့ တင်ပို့ရောင်းချခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ယင်းသို့ ထုတ်လုပ်တင်ပို့ဖြန့်ဖြူးဆောင်ရွက်ရာတွင် ကုမ္ပဏီအနေဖြင့် ငွေကျပ်သန်းပေါင်း(၂၀၁.၅)သန်းကို ရင်းနှီးလျက် မြန်မာကျပ်ငွေဖြင့် စက်ရုံအဆောက်အဦး၊ စက်ပစ္စည်းကိရိယာများ ဝယ်ယူတည်ဆောက်လျှက် ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ယင်းကဲ့သို့ ပြည်ပဈေးကွက်ကောင်းရှိသော ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂများ နိုင်ငံခြား တင်ပို့မှု လုပ်ငန်းအနေဖြင့် နိုင်ငံတော်အတွင်း နိုင်ငံခြားဝင်ငွေများ ရရှိလာစေခြင်း၊ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ တိုးပွားရရှိစေခြင်း၊ မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ပေါ်ပေါက်စေခြင်း၊ နိုင်ငံတော်အတွင်း ခေတ်မီ ကုန်ထုတ်မှုနည်းပညာရပ်များ တိုးပွားရရှိစေခြင်း၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်၍

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

ထောက်ကူပံ့ပိုးပေးခြင်း စသည့် အကျိုးစီးပွားဖြစ်ထွန်းပေါ်ပေါက်စေသည့်အတွက် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့် (Permit) ထုတ်ပေးပါရန် လေးစားစွာလျှောက်ထားတင်ပြအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ Myanmar Wood Mart Co.,Ltd. အား မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ပြုရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသို့ လျှောက်ထားတင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

၆။ ဤအဆိုပြုချက်နှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်း အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(၁) ကမကထပြုသူ၏ လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုချက် (မနသ-ပုံစံ)

(၂) မြေထည့်ဝင်မှု သဘောတူအစည်းအဝေးမှတ်တမ်း

(၃) ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ တွက်ချက်မှုများ

(၄) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေး အထောက်အထားများ

(၅) ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ စသည်တို့ ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ဤအဆိုပြုချက်အား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ ခွင့်ပြုမိန့် (Permit) ထုတ်ပေးပါရန်နှင့် အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ ခံစားခွင့်ပြုပါရန် လေးစားစွာလျှောက်ထားအပ်ပါသည်။

ရိုသေလေးစားစွာဖြင့်

WIN AUNG,
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.
လျှောက်ထားသူ

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ၊ ၀ ၀ ၅ / MWM / ၂ ၀ ၀ ၆
ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ ဩ ဂုတ် လ (၁ ၁) ရက်

အကြောင်းအရာ ။ ။ <u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ကတိဝန်ခံချက်တင်ပြခြင်း</u>

၁။ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ Myanmar Wood Mart Company Limited သည် ရာဘာသစ်ချောသား ခွဲစိတ်ပေါင်းတင်စက်ရုံနှင့် ရာဘာပရိဘောဂစက်ရုံတည်ဆောက်၍ထုတ်လုပ်ပြီး ပြည်ပတင်ပို့ခြင်း၊ ပြည်တွင်းဖြန့်ဖြူးခြင်း လုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥဒေနှင့်အညီ လျှောက်ထားသောကုမ္ပဏီဖြစ်ပါသည်။ ထိုသို့လျှောက်ထားရာတွင် အောက်ပါအတိုင်း ဝန်ခံကတိပြုပါသည်။

(၁) ဤအဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သောလုပ်ငန်းဖြစ်ပါသည်။ ဤလုပ်ငန်းတွင် နိုင်ငံခြားမှ မည်သူမှပိုင်ဆိုင်မှုမရှိပါကြောင်း ဝန်ခံကတိပြုပါသည်။

(၂) ဤအဆိုပြုသည့်ရာဘာထွက်ကုန်ပစ္စည်းများအား ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအတွက် ဈေးကွက် အခိုင်အမာရှိပြီးဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

(၃) ဤအဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိမှသာ [illegible]င်ဆောင်ရွက်မည့် လုပ်ငန်းအသစ်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

(၄) နိုင်ငံတော်အစိုးရမှ မြေယာနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ၊ ညွှန်ကြားချက် များနှင့်အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

(၅) ဤအဆိုပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်လေထု၊ ရေထုနှင့် မြေထုတို့ ညစ်ညမ်းမှုမဖြစ်ပွား စေရန်နှင့် မီးဘေးအန္တရာယ်မဖြစ်ပွားစေရန်အတွက် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ စက်ရုံတွင် အန္တရာယ်ကင်းရှင်းစေသောခေတ်မီစက်များကိုသာ သုံးစွဲဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်ပွားစေရန် ထိန်းသိမ်းရှင်းလင်းဆောင်ရွက်မှုစီမံချက် များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လေးစားစွာဖြင့်

လျှောက်ထားသူ

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD

မိတ္တူကို - လက်ခံစာတွဲ

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏

အဆိုပြုချက်

MYANMAR WOOD MART CO.,LTD.

ပုံစံ (မနသ-၁)

မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဥပဒေအရ
ရင်းနှီးမြှုပ်နှံလိုသူ၏အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့။

စာအမှတ် ၊ ၀၀၄ / M W M / ၂၀၀၆
ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် လ(၁၁)ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန် အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏ -

(က) အမည် ဦးဝင်းအောင်၊ အုပ်ချုပ်မှုဒါရိုက်တာ

(ခ) အဖအမည် ဦးအိုက်ထွန်း

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၀၀၄၁၂၃

(ဃ) နေရပ်လိပ်စာ အမှတ်(၂၇)၊ ဗဟန်း၂လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

(င) လူမျိုး၊ ဘာသာ မြန်မာ၊ ဗုဒ္ဓဘာသာ

(စ) အဖွဲ့အစည်းအမည် Myanmar Wood Mart Co.,Ltd.

(ဆ) လုပ်ငန်းအမျိုးအစား ခွဲစိတ်ပေါင်းတင်ပြီးရာဘာသစ်ခွဲသား နှင့် ရာဘာသစ်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် တိုက် -၂၉၊ အခန်း -၁၀၄၊ ကျုံးဖြူလမ်း၊ ဥဿင်းကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏ -

(က) အမည် (၁) . . . . (၂) . . . .

. . . .

. . . .

(ခ) အဖအမည် (၁) . . . . (၂) . . . .

. . . .

. . . .

(ဂ) နိုင်ငံသား/အမျိုးသား မှတ်ပုံတင်အမှတ်

(၁) . . . . (၂) . . . .

(ဃ) နေရပ်လိပ်စာ(၁) . . . . (၂) . . . .

. . . .

. . . .

(င) လူမျိုး၊ဘာသာ(၁). . . . . (၂) . . . .

. . . .

. . . .

(စ) အဖွဲ့အစည်းအမည် . . . .

(ဆ) လုပ်ငန်းအမျိုးအစား . . . .

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် . . . .

. . . .

. . . .

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ခု ထက်ပိုပါက သီးခြားစာရွက်တွင် ဖော်ပြပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား -

(က) ကုန်ထုတ်လုပ်မှု လုပ်ငန်း . . . . ခွဲစိတ်ပေါင်းတင်ပြီးရာဘာသစ်ခွဲသား နှင့် ရာဘာသစ်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း . . . .

(ခ) ဝန်ဆောင်မှုလုပ်ငန်း . . . .

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားကို ဖော်ပြရန်)

၄။ လုပ်ကိုင်မည့် စီးပွားရေး ပုံစံ -

(က) နိုင်ငံသားနှင့် နိုင်ငံခြားသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း
နိုင်ငံသားပိုင်
. . . .

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

. . . .

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း

. . . .

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့ ပုံသဏ္ဍာန် -

(က) တစ်ဦးတည်းပိုင် . . . .

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း. . . . .

(ဂ) လီမိတက်ကုမ္ပဏီ အများနှင့်မသက်ဆိုင်သည့် လီမိတက်ကုမ္ပဏီ . . . .
(ဒါရိုက်တာစာရင်း နောက်ဆက်တွဲ ဇယား-၁) . . . .

(ဃ) သမဝါယမအသင်း . . . .

အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟု ဖော်ပြ၍ ထည့်ဝင်မည့် မတည်ငွေရင်းအချိုးအစား၊ စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့်သူများ၏ အမည်၊ နေရပ်လိပ်စာများနှင့် ရာထူးတို့ကို ပူးတွဲတင်ပြရန်)

၆။ ဖက်စပ်/အစုစပ်လုပ်ငန်းဖြစ်ပါက -

(က) အစုစပ်တို့က ထည့်ဝင်မည့် အစုငွေအချိုးအစားနှင့် ပမာဏ

. . . .

(ခ) အကျိုးအမြတ်ခွဲဝေမည့် အချိုးအစား

. . . .

(ဂ) အစုဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

. . . .

(နေရာမလုံလောက်ပါက သီးခြားစာရွက်ဖြင့် ဖော်ပြရန်)။

၇။ သမဝါယမအသင်း/လီမိတက်ကုမ္ပဏီ ဖြစ်ပါက -

(က) ခွင့်ပြု မတည်ငွေ ရင်း (ကျပ်သန်းငါးရာကျပ်) (၅၀၀,၀၀၀,၀၀၀/-ကျပ်)

(ခ) အစုရှယ်ယာ အမျိုးအစား သာမန်အစုရှယ်ယာ-၁စုလျှင် ၁၀,၀၀၀/- ကျပ် ၅၀၀၀၀ အစု

(ဂ) အစုရှယ်ယာဝင်များကထည့်ဝင်မည့် အစုရှယ်ယာပမာဏ (၅၀၀၀၀ အစုရှယ်ယာ) (အစု ၁စုလျှင် ၁၀,၀၀၀/-ကျပ်)

၈။ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော အချက်အလက်များ -

(က) မတည်ငွေရင်းပမာဏ

		ကျပ်သန်းပေါင်း
(၁)	ငွေပမာဏ (နိုင်ငံခြား မတည်ငွေ ပါဝင်ပါက သီးခြားဖော်ပြရန်)	၂၁.၀၀၀
(၂)	စက်ပစ္စည်းကိရိယာများတန်ဖိုးပမာဏ နောက်ဆက်တွဲဇယား (၂)	၈၉.၁၉၄
(၃)	မြေ	
(၄)	အဆောက်အအုံများ (နောက်ဆက်တွဲ ဇယား ၃)	၈၀.၀၀၀
(၅)	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများတန်ဖိုး နောက်ဆက်တွဲ ဇယား (၅)	၅.၄၈၅
(၆)	လျှပ်စစ်ပစ္စည်းတန်ဖိုး (နောက်ဆက်တွဲ ဇယား ၄)	၅.၈၂၁
	စုစုပေါင်း	၂၀၁.၅၀၀

(ခ) နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့် ကျပ် အမေရိကန်ဒေါ်လာ

(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများ စသည့် ပစ္စည်းတို့၏တန်ဖိုးပမာဏ (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်) . . . .

(၂) ကုန်ကြမ်းပစ္စည်းများနှင့် အခြား အလားတူပစ္စည်းများ၏ တန်ဖိုး (အသေးစိတ်စာရင်းပူးတွဲတင်ပြရန်) . . . .

(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ . . . .

(ဂ) တည်ဆောက်မှုကာလ . . . ၁ နှစ် . . .

(ဃ) ပမာဏစုံစမ်းလေ့လာမှု ပြုလုပ်မည့်ကာလ . . . ၃ လ . . .

(င) တည်ဆောက်မှု စတင်မည့် အချိန် . . . မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုသည့် အချိန်မှစတင်ဆောင်ရွက်ပါမည်။

၉။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သော အချက်အလက်များ -

(က) လုပ်ငန်းအမျိုးအစား ခွဲစိတ်ပေါင်းတင်ပြီးရာဘာသစ်ခွဲသား နှင့် ရာဘာသစ်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း
(ကုတ်ထုတ်လုပ်မှု/ဝန်ဆောင်မှု စသည်ဖြင့် ဖော်ပြရန်)

(ခ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့် ဒေသများ တနင်္သာရီတိုင်း၊ ထားဝယ်မြို့၊ သပြေချောင်းကျေးရွာ၊မြေကွက်(၁၀၃/ခ)၊ ဦးပိုင်အမှတ်(၂၆၈/၁+၂+၃+၄+၅+၇+၈+၁၁+၁၂)နှင့် (၂၆၉/၂၇၀)

(ဂ) ဆောင်ရွက်ပုံနည်းစနစ် ရာဘာသစ်ခွဲသားနှင့်ရာဘာသစ်ပရိဘောဂထုတ်လုပ်မှု

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက် -

	အမျိုးအစား	အရေအတွက်
၁။	ဒီဇယ်ဆီ	၃၀၁၀၀ ဂါလံ
၂။	ဓါတ်ဆီ	၇၀၀ ဂါလံ
၃။	အင်ဂျင်ဝိုင်	၃၀ ဂါလံ

(င) နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက် -

	အားအသုံးပြုမှု	မြင်းကောင်ရေ
၁။	လျှပ်စစ်ဓာတ်အား	
၂။	ဓာတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	၆၀၀ ကေဗွီအေ
၃။	ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား	
၄။	သဘာဝဓာတ်ငွေ့သုံးစက်အား	
၅။	ပေးပို့သည့် အခြားအား (ရေအား/လေအား စသည်များ)	

(စ) နှစ်စဉ် ရေလိုအပ်ချက်များ
(နေ့စဉ် ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်) ၁၂၀၀၀၀၀ ဂါလံ

(ဆ) နှစ်စဉ် လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်း လိုအပ်ချက်

	အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး (ကျပ်သန်းပေါင်း)
၁။	အဓိကကုန်ကြမ်း			နောက်ဆက်တွဲ ဇယား (၁၂)
	(၁)			
	(၂)			
၂။	အထောက်အကူကုန်ကြမ်း			
	(၁)			
	(၂)			
၃။	စက်သုံးဆီ/ဓာတ်ငွေ့များ			
	(၁)			
	(၂)		နောက်ဆက်တွဲ ဇယား (၁၄)	

(ဇ) အဆောက်အအုံ လိုအပ်ချက် နောက်ဆက်တွဲ ဇယား (၃)

(ဈ) မြေနေရာအမျိုးအစားနှင့် အကျယ်အဝန်းလိုအပ်ချက် လန (၃၉) မြေ၊ (၇.၅၄) ဧက

(ည) ခန့်မှန်းထုတ်လုပ်မည့် ကုန်ပစ္စည်း/ဆောင်ရွက်မည့် ဝန်ဆောင်မှု

အမျိုးအမည်	ရေတွက်ပုံ	အရေအတွက်	တန်ဖိုး
		နောက်ဆက်တွဲ ဇယား (၁၃)	

(ဋ) ရောင်းချမည့်နည်းစနစ်

	ပြင်ပတင်ပို့မှု (Export)	ပြည်တွင်းရောင်းချမှု (Local Sales)
ရာဘာသစ်ခွဲသား	၉၅ %	၅ %
ရာဘာပရိဘောဂ	၁၀၀ %	%

၁၀။ နှစ်စဉ်ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ–

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြား
(က) လုပ်ငန်းလည်ပတ်ရန် လိုအပ်မည့်ကျပ်ငွေ	နောက်ဆက်တွဲ ဇယား(၆)	
(ခ) လိုအပ်မည့် နိုင်ငံခြားသုံးငွေ	. . . .	
(ဂ) ရရှိမည့် နိုင်ငံခြားသုံးငွေ ပမာဏ	နောက်ဆက်တွဲ ဇယား(၁၃)	
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု တန်ဖိုးပမာဏ	နောက်ဆက်တွဲ ဇယား(၁၃)	
(င) နှစ်စဉ် ပြည်တွင်း၌ ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှု တန်ဖိုးပမာဏ	နောက်ဆက်တွဲ ဇယား(၁၃)	

၁၁။ ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းများစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ –

အမှုထမ်းအမျိုးအစား	ဦးရေ
	နောက်ဆက်တွဲ ဇယား(၁၆)
. . . .	. . . .
. . . .	. . . .
. . . .	. . . .
. . . .	. . . .
. . . .	

(ခ) နိုင်ငံခြားမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ

ကျွမ်းကျင်မှု အမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ
ကျွမ်းကျင်သူပညာရှင်(အချိန်ပိုင်း)		
ကျွမ်းကျင်သူ(ထုတ်လုပ်မှု)	၂ ဦး	
ကျွမ်းကျင်သူ(အရည်အသွေးစစ်ဆေးရေး)	၁ ဦး	
ပေါင်း	၃ ဦး	

မှတ်ချက်။ လုပ်ခရယူခြင်းမရှိပါ။ နေထိုင်မှု/သွားလာမှု/စားသောက်မှု စရိတ်သာ ကျခံရပါသည်။

၁၂။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ-

(က)	နှစ်စဉ် ဝင်ငွေရရှိမှု	နောက်ဆက်တွဲ ဇယား(၇)
(ခ)	နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	နောက်ဆက်တွဲ ဇယား(၇)
(ဂ)	နှစ်စဉ်အသားတင်အမြတ်	နောက်ဆက်တွဲ ဇယား(၇)
(ဃ)	နှစ်အလိုက် ရင်းနှီးမြှုပ်နှံမှု	နောက်ဆက်တွဲ ဇယား(၆)
(င)	အရင်းကျေကာလ	နောက်ဆက်တွဲ ဇယား(၉)
(စ)	အခြားအကျိုးအမြတ်များ	နောက်ဆက်တွဲ ဇယား(၁၁)
(ဆ)	အလုပ်အကိုင်သစ်များပေါ်ပေါက်လာမည့်အခြေအနေ	ပြည်တွင်းဝန်ထမ်း(၃၅၀)ဦး အလုပ်အကိုင် အခွင့်အလမ်းရရှိစေပါသည်။

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပဋိညာဉ်စာချုပ်မူကြမ်း (လိုအပ်သည့် ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်နှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(ဂ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်ဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့် အခြေအနေအထောက်အထားများ။

လက်မှတ်၊ . . . .

အမည်၊ ဦးဝင်းအောင်

ရာထူး၊ အုပ်ချုပ်မှုဒါရိုက်တာ

(လျှောက်ထားသူ)

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

နောက်ဆက်တွဲဇယား(၁)

Myanmar Wood Mart Co.,Ltd.

ဒါရိုက်တာစာရင်း

စဉ်	အမည်	နိုင်ငံသား/ မှတ်ပုံတင်အမှတ်	တာဝန်အဆင့်	နေရပ်လိပ်စာ	မှတ်ချက်
၁	ဦးဝင်းအောင်	မြန်မာ ၁၃/တကန(နိုင်)၀၀၄၁၂၃	အုပ်ချုပ်မှုဒါရိုက်တာ	အမှတ်(၂၅)၊ ဗဟန်း၂လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။	ကုန်သည်
၂	ဒေါ်ဝင်းဝင်းရွှေ	မြန်မာ ၁၃/တကန(နိုင်)၁၃၂၆၆၂	ဒါရိုက်တာ	အမှတ်(၂၉)၊ အခန်းအမှတ်(၅၀၄)၊ ဂျိုးဖြူလမ်း၊ ရှိုင်းတာဝါ(၂) မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။	ကုန်သည်

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

နောက်ဆက်တွဲ(၁၆)

Myanmar Wood Mart Co., Ltd.

Salary List

Sr No.	Status	Labour No.	Wages Rate	Amount Ks
	Production			
1	Production Manager	1	35000	420,000
2	Superviser	3	25000	900,000
3	Section Leader	7	22000	1,848,000
4	Operator	30	20000	7,200,000
5	Assit: Operator	150	17500	31,500,000
6	General Worker	150	17500	31,500,000
	Total	**341**		**73,368,000**
	Administration			
1	General Manager	1	45,000	540,000
2	Admin: Manager	1	38,000	456,000
3	Sr Accountant	1	32,000	384,000
4	Asst: Accountant	1	26,000	312,000
6	Admin: Assistant	1	26,000	312,000
7	General Labour	5	20,000	1,200,000
	Total	**10**		**3,204,000**
	Local Labour Total	**351**		**76,572,000**
			Salary Rate (US$)	**Salary (US$)**
12	*** Foreign Expert**	3	-	-
	Foreign Expert Total	**3**		**-**

မှတ်ချက်

(၁) နိုင်ငံခြားကျွမ်းကျင်သူများသည်လစာရယူခံစားခြင်းမပြုပါ ၎င်းနိုင်ငံခြားသားများ၏ နေထိုင်၊သွားလာမှု၊စားသောက်မှုစရိတ်များကိုသာကုမ္ပဏီမှကျခံမည်ဖြစ်ပါသည်။

(၂) မြန်မာလုပ်သားများ၏ လစာကိုနှစ်စဉ်ပျမ်းမျှနှုန်း (၁၀%)ဖြင့်ခံစားခွင့်ပြုသည်။

(၃) ရုံးတက်/ ရုံးဆင်းနှင့်စက်ရုံအတက်/ အဆင်းကြို/ ပို့စီစဉ်ပေးပါမည်။

(၄) O.T တဆက်တည်းလုပ်လျှင်အစားအစာတစ်မျိုးစီစဉ်ပေးပါမည်။

(၅) အခြားထောက်ပံ့ကြေးများသင့်လျော်သလိုစီစဉ်ပေးပါမည်။

အလုပ်သမားများ၏ လစာရှင်းလင်းချက်

Myanmar Wood Mart Co.,Ltd သည် ရာဘာသစ်ချောစက်ရုံ တည်ထောင်မှုအတွက် အလုပ်သမား (၃၄၀) ဦး နှင့် ရုံးဝန်ထမ်း (၁၀) ဦး အခြေခံလျာထားခဲ့ပါသည်။ ယင်းခန့်ထားရန် လျာထားသည့် ~~စက်ရုံအလုပ်သမား နှင့် ရုံးဝန်ထမ်းများအနက် အခြေခံအလုပ်သမားများ၊ လစာနှုန်းထားသတ်မှတ်ရာတွင်~~ လစာနှုန်းအပြင် အခြားခံစားခွင့်များကို ထည့်သွင်းလျာထားပါသည်။

စက်ရုံထုတ်လုပ်မှုပိုင်းမှ Assitant Operator (၁၅၀) ဦးနှင့် General Worker (၁၅၀) ဦးတို့ကိုရင်း၊ ရုံး လုပ်ငန်းပိုင်းမှ General Labour (၅) ဦးအတွက်ရင်း၊ လစာများအပြင် အောက်ပါခံစားခွင့်များကို ကုန်ထုတ်မှုစာရင်း (Production Account) ရေးဆွဲရာတွင် ထည့်သွင်းသတ်မှတ်ထားပါသည်။

(က) အချိန်ပိုနှင့် အခြားခံစားခွင့်

(ခ) လူမှုရေးခံစားခွင့်

ထို့ပြင် လုပ်ငန်းအနေဖြင့် နှစ်စဉ်အကျိုးအမြတ်ရရှိ ဆောင်ရွက်သွားနိုင်မည်ဖြစ်ရာ၊ ယင်းသို့ ရရှိသော အမြတ်ငွေမှအလုပ်သမား၊ ဝန်ထမ်းဆုကြေးငွေ (Bonus) များကို တစ်နှစ်လျှင် (၂) ကြိမ် ထိုက်တန်စွာ ပေးသွားရန် လျာထားပါသည်။ ယင်းသို့ ဆုကြေးငွေပေးရာတွင်လည်း လစာနည်းအခြေခံလုပ်သားများကို ပိုမိုခံစားခွင့်ပေးရန် လျာထားပါသည်။

WIN WIN SHWE
DIRECTOR
MYANMAR WOOD MART CO., LTD.

တိုင်းဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ
တနင်္သာရီတိုင်း - မြိတ်မြို့
စာအမှတ်၊ ၅၂၇/၅-၂၇/တယက(တနင်္သာရီ)
ရက်စွဲ၊ ၂၀၀၆ ခုနှစ်၊ မေလ ၂၁ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ ရာဘာသစ်ခွဲသားပေါင်းတင်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရေးကိစ္စ

တနင်္သာရီတိုင်း ၊ ထားဝယ်မြို့၊ သပြေချောင်းကျေးရွာ၊ ပုလုကုန်းတောင်၊ ဦးပိုင်အမှတ်(၂၆၈/၁၊ ၂၆၈/၂၊ ၂၆၈/၃၊ ၂၆၈/၄၊ ၂၆၈/၅၊ ၂၆၉)မြေကွက်အမှတ်(၁၀၃/ခ)ပေါ်ရှိ မြေဧရိယာ(၂.၂)ဧကနှင့် ဦးပိုင်အမှတ် (၂၆၈/၇၊ ၂၆၈/၈၊ ၂၆၈/၁၁၊ ၂၆၈/၁၂၊ ၂၇၀) မြေကွက်အမှတ်(၁၀၃/ခ)ပေါ်ရှိ မြေဧရိယာ (၅.၃၄)ဧက၊ စုစုပေါင်းမြေဧရိယာ (၇.၅၄)ဧကပေါ်တွင်(Myanmar Wood Mart Co,Ltd)မှ ရာဘာသစ်ခွဲသားပေါင်းတင်စက်ရုံတည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်၍ နိုင်ငံခြားပို့ကုန်လုပ်ငန်းနှင့်ပြည်တွင်းဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်ခွင့်ပြုရန်တင်ပြချက်အပေါ် စက်ရုံတည်ဆောက်မည့်မြေဧရိယာ(၇.၅၄)ဧကသည်လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ(၃၉)အရခွင့်ပြုချက်ရရှိပြီးဖြစ်၍ တနင်္သာရီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ကန့်ကွက်ရန်မရှိကြောင်းတောက်ခံအပ်ပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်-အတွင်းရေးမှူး)

မိတ္တူကို

Myanmar Wood Mart Co,Ltd
လုံ့လည်စာတွဲ
လက်ခံစာတွဲ

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

မြို့နယ်မြေစာရင်းဦးစီးဌာန

ထားဝယ်မြို့နယ်

အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာများအက်ဥပဒေ (ပုဒ်မ) [illegible] ရက်စွဲပါ [illegible] အရ သုံးဆင့်သည့်အမိန့်စာ။

ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၁၃. ၁)၊ ပုလုတောင်ကွင်း၊ ဦးပိုင်အမှတ် (၂၆၇/၁ + ၂၆၇/၂ + ၂၆၈/၃ + ၂၆၈/၄ + ၂၆၈/၅ + ၂၆၉)၊ မြေမျိုးမှန်ဒေသိယာစုစုပေါင်း ဧရိယာ (၂. ၂၀) ဧကရှိ မြေအား ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရိုးမြှုလမ်း၊ တိုက် (၂၉) / အခန်း (၅၀၄) နေ ဦးဝင်းအောင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/တကန (နိုင်) ၀၀၄၁၂၃)က MYANMAR WOOD MART CO,LTD အမည်ဖြင့် ပြောင်းလဲပေးရန် လျှောက်ထားချက်အား မြေစာရင်းလက်စွဲ ဥပဒေပုဒ်မ - ၈၂၇နှင့်အညီ စုံစမ်းစစ်ဆေးရာ ခိုင်လုံမှု တွေ့ရှိသဖြင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၏ (၂၉. ၈. ၂၀၀၅) နေ့စွဲပါ စာအမှတ် (၄၂၀/မအ-၂(ခ)) ဖြင့် သဘောတူညီချက်အရ MYANMAR WOOD MART CO,LTD အမည်ဖြင့် အမည်ပြောင်းလဲခွင့်ပြုလိုက်သည်။

တံဆိပ်:
ထားဝယ်မြို့
အမှတ်........
နေ့စွဲ........

(အေးညီ)

ဦးစီးအရာရှိ

မြို့နယ်မြေစာရင်းဦးစီးဌာန

ထားဝယ်မြို့

စာအမှတ် - ၄၆၇ /မအ - ၂ (ခ) ။ အမှုတွဲအမှတ် - ၂၇ / အမည်ပြောင်း ၂၀၀၅ - ၂၀၀၆

ထားဝယ်

ရက်စွဲ ၊ ၂၀၀၅ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် ။

ဖြန့်ဝေခြင်း။

(၁) လက်ထောက်ဦးစီးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့ထံမှ မှတ်ပုံတင်စာရင်း ၁ (က) တွင် အမှတ်သားနိုင်ရန် အပိုမိတ္တူ (၁) စောင်နှင့်အတူ ပူးတွဲပေးပို့ပါသည်။

(၂) ဥက္ကဋ္ဌ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သပြေချောင်းကျေးရွာ၊ ထားဝယ်မြို့။

(၃) ဦးဝင်းအောင်၊ MYANMAR WOOD MART CO,LTD ရန်ကုန်မြို့။

(၄) ရုံးလက်ခံ

(၅) အမှုတွဲလက်ခံ။

လျှို့ဝှက်

ပုံစံ - ၃၃

နည်း ဥပဒေ -၈၃

ရက်စွဲ

လယ်ယာမြေကိုသတ်မှတ်ထားသည့်နည်း လမ်း အတိုင်း အသုံး ချရန်ဆင့်ဆိုသော အမိန့်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ရတိုင်း အေး ချမ်းသာယာရေး နှင့် ဖွံ့ဖြိုး ရေး ကောင်စီသည် ၁၉၅၃ ခုနှစ် လယ်ယာ မြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ပုဒ်မ - ၃၉ ဖြင့်အပ်နှင်း ထား သော အာဏာများ ကိုသုံး၍လည်း အောက်တွင်ဖော်ပြထားသော လယ်ယာ မြေကိုဇယား အကွက်(၈) တွင် ဖော်ပြထားသည့်နည်း လမ်း အတိုင်း အသုံး ချရမည် ဟု ဦး ဘောဝင်း အဘ ဦးစံ ...... အား အကြောင်းကြား သည် -

တိုင်း	မြို့နယ်	ကျေးရွာ	ရပ်ကွက်/ကွင်း/အကွက် အမည်	ရပ်ကွက်/ကွင်း/အကွက် အမှတ်	ဦးပိုင်/မြေကွက် အမှတ်	ဦးပိုင်/မြေကွက် ဧက	အသုံးချရမည့် နည်းလမ်း	ကြောင်းအရာ
၁	၂	၃	၄	၅	၆	၇	၈	၉
တနင်္သာရီတိုင်း	ထားဝယ်	သဖြေချောင်းကျေးရွာ	ပုလုကောင်	၁၀၃/၁	၂၆၀/၇	၁.၀၆	ရာဘာ	
					၂၆၇/၁		အသီး	
					၂၆၀/၁၁		ဂွဲ	
					၂၆၀/၁၂		စတော်ရှိ	
							မြေ	
					၂၇၀	၄.၃၈		
						၅.၄၄		

မှတ်ချက်။ (၁) ဤဇယားတွင် ဖော်ပြထားသော လယ်ယာမြေကို မြေပေါ်ရှိ ... ရာသာ အသားတွင် ... မြေ ... ပြောင်း ပေးချိန်

မှတ်ချက်။ (၂) သယ်ဆောင်သည့် အထုပ်(၁) [illegible] လမ်း
ကိုဝင်း အသုံး မကျသည့် [illegible] ဖောက်ထွက်
[illegible] ရှိကြောင်း
[illegible]ပါသည်။

(၃) [illegible] ရှိပါ
များ [illegible] ၂၀၀၃-၂၀၀၇ ခုနှစ် [illegible]
[illegible] သည်။

[illegible] ကိုဝင်း အား ရှမ်းသဘာဝ ငရုတ် နှင့်ဖွံ့ဖြိုးရေး ရေး
[illegible](၂၈-၄-၂၀၀၈) ရက်နေ့ [illegible] အမိန့် အရ
ကိုဝင်း အား ရှမ်းသဘာဝ ငရုတ် နှင့်ဖွံ့ဖြိုးရေး ရေး ကော်မတီ
[illegible] အမှတ်စဉ်(၁၁/၂၀၀၈) [illegible]
ကျပ်(၁၂) [illegible] ပါသည်။

၂/၅/၀၈

[illegible] ([illegible])

(ဦး [illegible] ၊ ဒုရဲမှူး [illegible])

ကိုဝင်း အား ရှမ်းသဘာဝ ငရုတ် နှင့်ဖွံ့ဖြိုးရေး ရေး ကော်မတီ
ဥက္ကဋ္ဌကိုဝင်း - [illegible] မြို့
စာအမှတ်၊ ၅၇၉၀ / ၁၄ / ၁-၄၄ / [illegible]
ရက်စွဲ၊ ၂၀၀၈ ခုနှစ် မေ လ ၂ ရက်

မိတ္တူ

[illegible] ရေး [illegible] မြို့
[illegible] ရှမ်းသဘာဝ ငရုတ် နှင့်ဖွံ့ဖြိုးရေး ရေး ကော်မတီ [illegible] မြို့
မြို့နယ် [illegible] ရှမ်းသဘာဝ ငရုတ် နှင့်ဖွံ့ဖြိုးရေး ရေး ကော်မတီ [illegible] မြို့
ကိုဝင်း [illegible] မြို့
မြို့နယ် [illegible] မြို့
ဦး [illegible] မြို့
အမှုတွဲ [illegible]
[illegible] / [illegible]

နည်းဥပဒေ-၈(၃)

လယ်ယာမြေကိုအခြားနည်းလမ်းအကျိုးအသုံးချခွင့်ပြုကြောင်းအမိန့်

တနင်္သာရီတိုင်းဒေသကြီး ... ... ၁၉၅၃ ခုနှစ် ၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၁-၃၉ ပြင်ဆင်ထားသည့် အာဏာများကိုသုံး၍ ... ... ဖော်ပြပါ လယ်ယာမြေကိုဇယား အကွက် (၈) တွင် ဖော်ပြသည့်နည်းလမ်းအကျိုးအသုံးချရမည်ဟု ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အင်းယားမြိုင်လမ်းနေ-ဦးကျော်စိန်အားအကြောင်းကြားပါသည်-

တိုင်း	မြို့နယ်	ရပ်ကွက်/ ကျေးရွာ	ကွင်း/အကွက်		ဦးပိုင်		အသုံးချရမည့် နည်းလမ်း	အကြောင်းအရာ
			အမည်	အမှတ်	အမှတ်	ဧက		
(၁)	(၂)	(၃)	(၄)	(၅)	(၆)	(၇)	(၈)	(၉)
တနင်္သာရီတိုင်း	ထားဝယ်	သမြေချောင်း ကျေးရွာ	မုတ်တိုး တောင်	၁၀၃ ၀	၂၆၈/၁	၄.၃၆	စက်မှုမြေ	
	"	"	"	"	၂၆၈/၂	၄.၃၆		
	"	"	"	"	၂၆၈/၃	၄.၃၆		
	"	"	"	"	၂၆၈/၄	၄.၃၆		
	"	"	"	"	၂၆၈/၅	၄.၃၆		
	"	"	"	"	၂၆၉	၄.၄၀		
						၂၆.၂၀		

မှတ်ချက်။ (၁) ဤဇယားတွင် ဖော်ပြသော လယ်ယာမြေကို မြေစာရင်း ဦးစီးဌာန စာရင်းတွင် စိုက်ပျိုးမြေအဖြစ်သွင်း ပြောင်းပေးရန်၊ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး နည်းဥပဒေ - ၈၄ အရ ခွင့်ပြုသည်။

(၂) ဇယားအကွက် (၈) ၌ ဖော်ပြသည့်နည်းလမ်းအတိုင်း၊ လယ်ယာမြေကို အသုံးမပြုလျှင် ၎င်းအဝိုင်းကို အထက်ဥပဒေ ၏ ပုဒ်မ - ၃၅ (ဆ) အရ ပယ်ဖျက်ပြီး အဖြစ်၌ အဝိုင်းကို လိုက်နာရန် ပျက်ကွက်သူသည် အထက်ဥပဒေပုဒ်မ - ၃၈ အရ အပြစ်ပေးခံရမည့်အပြင် မှတ်ပြုခြင်း ခံရမည်။

(၃) အထက်ဖော်ပြပါ ဦးပိုင်အမှတ်နှင့် ဇယားများကို ၁၉၈၆ - ၈၇ ခုနှစ် နောက်ဆက်တွဲ မြေပုံနှင့် စာရင်းများမှ ကောက်နှုတ်သုံးစွဲသည်။

အမိန့်အရ


ဦး [illegible] (ကိုယ်စား)
(ဦးကြည်ဝင်း၊ အမှတ် ၀၀ - ၁)

တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
တနင်္သာရီတိုင်း - ထားဝယ်မြို့
စာအမှတ်၊ ၅၄၀ / ၅ - ၄ / တဝတ
ရက်စွဲ၊ ၁၉၉၆ ခုနှစ်၊ ပတ်လ ၂၄ ရက်

မိတ္တူကို -

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်မြို့။
ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ထားဝယ်ခရိုင်။
မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ထားဝယ်မြို့။
တိုင်းမြေစာရင်းဦးစီးဌာန၊ တနင်္သာရီတိုင်း၊ ထားဝယ်မြို့။
မြို့နယ်မြေစာရင်းဦးစီးဌာန၊ ထားဝယ်မြို့။
ဦးကျော်စိန်၊ အမှတ် ၄၃/၁၊ အင်းယားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ရုံးလည်/လက်ခံစာတွဲ။

MYANMAR WOOD FACTORY LAYOUT PLAN(DAWEI)




လျှို့ဝှက်

၇၇

SAW MILL BUILDING




OVERALL FRONT VIEW
Scale : 1" = 16'-0"



MIN THUYA
B.E (Civil)
Licensed Senior Engineer

လျှို့ဝှက်

DRYER




MIN THUYA HTE
B.E (Civil)
Licensed Senior Engin
YCDC

GODOWN

ဆို့ဝက်

၁၃



FRONT VIEW

MIN THUYA HTL
B.E (Civil)
Licensed Senior Engineer
L.S (ဂ/၆၃) Y.C.D.C

ဆို့ဝက်

လျှို့ဝှက်

၅၈

OFFICE



FRONT VIEW


MIN THUYA HTET
B.E (Civil)
Licensed Senior Engineer
L.S (မဟ) Y.C.D.C

လျှို့ဝှက်

လျှို့ဝှက်

၃၉

Furniture Plant (Phase-2)



PLAN

SCALE 1"=8'

MIN THUYA
B.E (Civil)
Licensed Senior Engineer
L S (...) Y.C.D.C

လျှို့ဝှက်

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

၂၀၀၆/၂၀၀၇ ခုနှစ်တွင် သစ်ခွဲစက်လုပ်ငန်းဆောင်ရွက်မှုအခြေအနေ ရှင်းလင်းတင်ပြချက်

၁။ Myanmar Wood Mart Co., Ltd. သည် သစ်တောရေးရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုတရပ်အဖြစ် ဆောင်ရွက်နိုင်ရန်၊ ရာဘာသစ်ခွဲသားများနှင့် ရာဘာသစ်ပရိဘောဂများ နိုင်ငံခြားတင်ပို့နိုင်စေပြီး ပြည်တွင်း၌ ရာဘာသစ်ခွဲသားများ သက်သာအဆင်ပြေစွာ သုံးစွဲနိုင်စေရန်အတွက် ခေတ်မှီသစ်ခွဲ စက်များ မှာယူတင်သွင်းလျှက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်လျှောက်ထား ဆောင်ရွက်ရန် တင်ပြခဲ့ပါသည်။

၂။ ယင်းသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်လျှောက်ထားတင်ပြရာတွင် သစ်ခွဲစက်လိုင်စင် ပူးတွဲတင်ပြပါရှိရန် လိုအပ်ကြောင်း သိရှိရသဖြင့် ၂၀၀၆/၂၀၀၇ ခုနှစ်အတွက် သစ်ခွဲစက်လိုင်စင်အား သက်ဆိုင်ရာ တနင်္သာရီတိုင်း၊ မြိတ်မြို့နယ် သစ်တောဦးစီးဌာနသို့ လျှောက်ထားခဲ့ပါသည်။ ယင်းသို့လျှောက်ထားရာတွင် သစ်တောဦးဌာန၏ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်အရ ခွဲစိတ်မည့်သစ်လုံးနှင့် လုပ်ငန်းဆောင်ရွက်မည့် သစ်ခွဲစက် ရရှိတည်ထောင်ပြီးဖြစ်ရန် လိုအပ်ကြောင်းသိရှိရသဖြင့် လုပ်ငန်းသဘာဝနှင့်အညီ၊ ရာဘာသစ်ဟောင်း သစ်လုံးများ ဝယ်ယူခြင်း၊ ပြည်တွင်းလုပ်အဆင့်ရှိ ခွဲစိတ်စက် တည်ဆောက်ခြင်း ဆောင်ရွက်ခဲ့ရပါသည်။ သစ်တော စည်းမျဉ်းများအရ၊ လုပ်ငန်းစက်ပိတ်သိမ်းမှုမရှိစေရန် လုပ်ငန်းဆောင်ရွက်မှု (Project Operat. ဒ္) အဖြစ် သစ်ခွဲစိတ် ဖြန့်ဖြူးခဲ့ပါသည်။ ရရှိသည့် သစ်ခွဲသားများကို ပြည်တွင်း၌ဖြန့်ဖြူးခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၀၀၆/၂၀၀၇ ခုနှစ်အတွက် သစ်ခွဲစိတ်ဆောင်ရွက်မှုမှာ သစ်ခွဲစက်လိုင်စင်ရရှိရေး၊ စက်ပိတ်သိမ်းမခံ ရရှိရေးအတွက် လုပ်ငန်းသဘာဝအရ လုပ်ငန်းရှေ့ပြေး စမ်းသပ်ဆောင်ရွက်မှုအဆင့်သာ ဖြစ်ပါသည်။

၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ခွင့်ပြုမိန့်တောင်းခံလျှောက်ထားရာတွင် ပါရှိသော စက်ရုံ၊ အဆောက်အအုံများ၊ ပြည်ပမှ မှာယူတင်သွင်းသည့် ခေတ်မှီရာဘာသစ်ခွဲစက်များဖြင့် စီးပွားဖြစ် လုပ်ငန်းလည်ပါတ် ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD.

MYANMAR WOOD MART CO., LTD.

Myanmar Wood Mart Co., Ltd

လုပ်ငန်းသဘာဝရှင်းလင်းတင်ပြချက်နှင့်ကုန်ကြမ်းရရှိမှု/သုံးစွဲမှုတင်ပြချက်

ရာဘာသစ်ခွဲသား ထုတ်လုပ်မှု လုပ်ငန်းဖြစ်စဉ်တင်ပြချက်

၁။ ကုန်ကြမ်းရာဘာသစ်လုံးများကို စတင်ခုတ်လှဲပြီးချိန်မှ (၄၈)နာရီအတွင်း သတ်မှတ်အမှာလွှာအရ ခွဲစိတ်ခြင်း ပြုလုပ်ပြီး မှိုသတ်ဆေးရည် စိမ်မှု ဆောင်ရွက်ရန် ဖြစ်ပါသည်။

၂။ သတ်မှတ်ကာလအလိုက် မှိုသတ်ဆေးရည်စိမ်ပြီး ခွဲစိတ်ပြီး သစ်ချောသားများကို လေသလပ်ခံ အခြောက်ခံရန် ဖြစ်သည်။

၃။ သဘာဝလေသလပ်ခံလျှက် အခြောက်ခံပြီး သစ်ချောသားကို အခြောက်ခံစက်အတွင်းထည့်၍ အစိုဓာတ် ပျောက်ရန် သတ်မှတ်ချက်အရ ထည့်သိုအခြောက်ခံရန် ဖြစ်သည်။

၄။ အခြောက်ခံစက်တွင် သတ်မှတ်ကာလအတွင်း အခြောက်ခံပြီး သစ်ခွဲသားများကို သဘာဝအရ Seasoning အခြောက်ခံ၍ ထုတ်ပိုးမှု ဆောင်ရွက်ရန်ဖြစ်သည်။

ကုန်ကြမ်းရရှိနိုင်မှုနှင့်ကုန်ကြမ်းသုံးစွဲမှုတင်ပြချက်

၁။ လုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်း၊ ရာဘာသစ်လုံးများကို တနင်္သာရီတိုင်းအတွင်းရှိ ပုဂ္ဂလိကရာဘာခြံများမှ နိုင်ငံတော်သို့ ပေးသွင်းမှုပမာဏကို မထိခိုက်စေပဲ ကုမ္ပဏီ၏ ကုန်ကြမ်း လိုအပ်ချက်ပြည့်မီစေသော ကုန်ကြမ်းပမာဏကို ရရှိနိုင်စေမည့် စျေးကွက်ပမာဏ ရရှိနိုင်မှုအား စိစစ်ကွင်းဆင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ နှစ်စဉ်ရာဘာသစ်ခွဲရန် ရာဘာစေးမထွက်သော သက်တမ်းလွန် အပင်အို အပင်ဟောင်း ရာဘာဧက (၄၅၀) မှ (၅၀၀) ထိ လိုအပ်မည်ဟု ခန့်မှန်းပါသည်။

၃။ သက်တမ်းလွန် အပင်အိုများကို စက်ရုံတည်ရှိရာဒေသနှင့် အနီးဒေသများတွင် အဓိက ရယူဆောင်ရွက် ပါမည်။

WIN AUNG
MANAGING DIRECTOR
MYANMAR WOOD MART CO., LTD

မြန်မာသ[illegible] ၆၂ [illegible]ဏီလီမိတက် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ချောသားနှင့် ရာဘာသစ်ပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်း ရေညစ်သန့်စင်မှုလုပ်ငန်းအစီအစဉ်

မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်၏ ခွဲစိတ်ပေါင်းတင်ပြီးရာဘာသစ်ချောသားနှင့်ရာဘာသစ်ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် နေ့စဉ်လုပ်ဆောင်ထုတ်လုပ်မှုများမှ ထွက်ပေါ်လာမည့် ရေညစ်များကို ပတ်ဝန်းကျင် ညစ်ညမ်းမှုများ မရှိစေရေးအတွက် ရေညစ်များ သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်းအစီအစဉ်ကို အောက်ပါအတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(က) ရာဘာခွဲသားများဆေးစိမ်သန့်စင်မှုအရည်များ စိစစ်သန့်စင်မှု။

၁။ ရာဘာခွဲသားများဆေးစိမ်သန့်စင် ပြုပြင်ထုတ်လုပ်ရာတွင် စက်ရုံမှထွက်လာမည့် ရေညစ်များတွင် ဦးစွာ သတ်မှတ်ဇကာအရွယ်အစားဖြင့် စစ်၍ ဖယ်ထုတ်သွားပါမည်။ ယင်းသို့စစ်၍ ရရှိသော စွန့်ပယ်အစအန၊ အဖတ်အခဲများကို စနစ်တကျထုတ်ပိုးခြင်း၊ သယ်ယူခြင်း၊ ဖျက်ဆီးစွန့်ပစ်ခြင်းပြုလုပ်ပါမည်။ ယင်းသို့ဆောင်ရွက်မှုအရ ၄င်းပစ္စည်းများ၏ အပုပ်နံ့ကြောင့် လေထုညစ်ညမ်းမှု၊ စွန့်ရေတွင် ညစ်ညမ်းမှုတို့ကို ထိရောက်စွာပဏာမကာကွယ်နိုင်မည် ဖြစ်ပါသည်။

(ခ) ရေညစ်သန့်စင်မှု (Waste Water Treatment) စနစ် အသုံးပြု၍ သန့်စင်စွန့်ထုတ်မှု အဆင့်ဆင့်ဆောင်ရွက်ချက်

၂။ ရာဘာသန့်စင်ရည်များကို အထက်အပိုဒ်ပါအတိုင်း အဆင့်ဆင့်စစ်ပြီး ကျန်ရှိသော ရေညစ်များကို ရေညစ်သန့်စင်မှုစနစ် (Waste Water Treatment) ဖြင့် အောက်ပါနည်းစနစ်နှင့် လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုလျက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ရေညစ်သန့်စင်ကန် (Anaerobic Treatment Tank)

(၂) အနယ်အခြောက်ခံကန် (Sludge Drying Bed)

၃။ ယင်းသို့ ရေညစ်သန့်စင်မှုစနစ် တစ်ခုလုံး၏ ဆောင်ရွက်မှုအဆင့်ဆင့်မှာ အောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(၁) ရေညစ်ထုတ် နောက်ဆုံးလူဝင်ပေါက် (Last Man Hole) မှ ပဏာမရေညစ်သန့်စင်ကန် (Anaerobic Treatment Tank) သို့ တသမတ်နှုန်းဖြင့် ရေညစ်များ ပေးပို့နိုင်ရန် အနယ်စုပ်ပန့် (Centrifuga Pump) ကို အသုံးပြု၍ ပေးပို့ပါမည်။

(၂) ပဏာမသန့်စင်ကန်မှ ထွက်ရှိလာသော ရေညစ်များကို အနည်ထိုင်ကန် (Clarifier)တွင် အနည်ထိုင်စေပါမည်။

(၃) (Clarifier)ကျန်ရှိသော အနည်အချို့ကို အခြောက်ခံသည့်ကန် (Sludge Drying Bed) သို့ ပေးပို့အခြောက်ခံစေပြီး မြေတွင်းများသို့ ပို့ပြောင်းမီးရှို့ခြင်းဆောင်ရွက်ပါမည်။

(ဂ) ပူးတွဲတင်ပြခြင်း

၄။ ရာဘာခွဲသားများဆေးစိမ်သန့်စင်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ပါဝင်မည့် ရေ[illegible]စ်သန့်စင်မှုအစီအစဉ်ကို အထက်ပါလုပ်ငန်းအဆင့်ဆင့်အရ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။


၅။ ယင်းသို့ဆောင်ရွက်ပုံအဆင့်ဆင့်၏ အစီအစဉ်ကို အောက်ပါအတိုင်း ပူးတွဲဇယားများအရ တင်ပြအပ်ပါသည်။

(၁) ရေညစ်သန့်စင်မှုစနစ်အစီအစဉ်ဇယား = ပူးတွဲ (၁)

(၂) ရေညစ်သန့်စင်မှုစနစ်၏ ခန့်မှန်းကုန်ကျစရိတ် = ပူးတွဲ (၂)

ပူးတွဲ(၁)

မြန်မာသစ်ချေးကွက်ကုမ္ပဏီလီမိတက်
ရေညစ်သန့်စင်မှုအစီအစဉ်ဇယား



ပူးတွဲ(၂)

မြန်မာသစ်ဈေးကွက် ကုမ္ပဏီလီမိတက်
ရေညှစ်သန့်စင်မှုလုပ်ငန်း

ခန့်မှန်းကုန်ကျစရိတ်တန်ဘိုး အခြေပြစာရင်း

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	ခန့်မှန်းတန်ဘိုး(ကျပ်)
၁။	ရေညှစ်သန့်စင်အုတ်စီကန် (အလျား၈ပေ x အနံ၆ပေ x အမြင့်၄ပေ)	၁ လုံး	၄၀၀၀၀၀
၂။	အနည်ထိုင်အုတ်စီကန် (အလျား၆ပေ x အနံ၄ပေ x အမြင့်၄ပေ)	၁ လုံး	၃၀၀၀၀၀
၃။	အခြေခံအုတ်စီကန် (အလျား၄ပေ x အနံ၃ပေ x အမြင့်၃ပေ)	၁ လုံး	၂၀၀၀၀၀
၄။	၁.၅ HP မော်တာတွဲဘက် ၂လက ရေစုတ်ပန့်	၂ လုံး	၂၅၀၀၀၀
၅။	PVC ၂လက်မ ပိုက်	၄၀ ပေ	၄၀၀၀၀
၆။	PVC ၂လက်မ ပိတ်ဖွင့်အား	၃ လုံး	၂၇၀၀
၇။	PVC ၂လက်မ ပိုက်ဆက်စုံ	၅ စုံ	၂၃၀၀
	စုစုပေါင်း		၁၁၉၅၀၀၀

MYANMAR WOOD MART CO., LTD.

Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

MYANMAR WOOD MART CO.,LTD.

ရာဘာသစ်ခွဲသားစက်ရုံ၊ ရာဘာသစ်ပရိဘောဂစက်ရုံ မီးဘေးနှင့် လုံခြုံရေးစီမံချက်

ရက်စွဲ ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ(၁ ၁) ရက်

နိဒါန်း

၁။ Myanmar Wood Mart Co.,Ltd. အနေဖြင့် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ချောသားနှင့် ရာဘာပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း လုံခြုံရေး နှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ဤစီမံချက်အား သတ်မှတ်ပါသည်။

ရည်ရွယ်ချက်

၂။ အောက်ပါရည်ရွယ်ချက်များအား အခြေပြုသတ်မှတ်ထားရှိပါသည်။

(၁) မီးဘေးအန္တရာယ်ကင်းဝေးစေရန်

(၂) စက်ရုံလုံခြုံမှုရှိစေရန်

(၃) လေလွင့်ဆုံးရှုံးမှုနည်းပါးနိုင်သမျှ နည်းပါပြီး မလိုလားအပ်သည့် ပျက်စီးဆုံးရှုံးမှုများ မရှိစေရန်

(၄) နိုင်ငံတော်၏ ကုန်ထုတ်မှုစီးပွားရေးကဏ္ဍ တိုးတက်စေရန်

(၅) ဝန်ထမ်းများ စနစ်တကျ တာဝန်ယူပြင်စွာ ဆောင်ရွက်နိုင်စေရန်

ဆောင်ရွက်မည့်အစီအစဉ်

၃။ လုံခြုံရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် အောက်ပါအတိုင်းတိကျစွာ ဆောင်ရွက်ကြရန်ဖြစ်သည်။

(၁) လုပ်သားများ စက်အသုံးပြုရာတွင် ဂရုပြုအလေးထားပြီး အန္တရာယ်မရှိစေရေးအတွက် အစဉ်ဆောင်ရွက်စေရန် အတွက် ဆွေးနွေးခြင်းနည်းလမ်းများပြသခြင်း ဆောင်ရွက်ရန်။

(၂) မီးလောင်မှုမှ ကာကွယ်ငြိမ်းသတ်သော မီးသတ်ဗူး၊ သဲအိတ်၊ သဲပုံး/ရေပုံးများ ထားရှိခြင်း၊ ရေကန်များအရံသင့် ပြုလုပ်ထားရှိရန်။

(၃) စက်ရုံအလုပ်ရုံအတွင်း ဆေးလိပ်သောက်ခြင်း၊ လောင်စာများအနီး မီးလောင်စေမည့် အပြုအမူများ ရှောင်ရှား စေရန်။

(၄) မီးလောင်လာလျှင် အရေးကြီးသတ်မှတ်အဆင့်ရ ပစ္စည်းများ၊ စာရွက်စာတမ်းများကို သယ်ယူရွှေ့ပြောင်းမှု အတွက် လေ့ကျင့်အသိပေးဆောင်ရွက်ရန်။

(၅) ဝန်ထမ်းများအား အရေးပေါ်မီးလောင်လျှင် မီးငြိမ်းသတ်နည်းကို မီးသတ်ဌာနတာဝန်ရှိသူများအား ခေါ်ယူသင်တန်း ပေးရန်။

(၆) မီးဘေးအန္တရာယ်ဖြစ်ပွားပါက စနစ်တကျငြိမ်းသတ်ခြင်း၊ ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနည်းပါးစွာဖြင့် ပြောင်းရွှေ့ နေရာချထားခြင်း၊ မီးသတ်ဆေးဗူးများအသုံးချခြင်း ဆောင်ရွက်ရန်။

(၇) တာဝန်ရှိအဖွဲ့အစည်းအဆင့်ဆင့်၏ ညွှန်ကြားချက်များအသိပေးအကြောင်းကြားချက်များသို့ ထပ်ဆင့်အသိပေး ပညာပေးဆွေးနွေးရန်။

(၈) မီးအန္တရာယ်ဖြစ်ပွားပါက တာဝန်ရှိသူအဆင့်ဆင့် သတင်းပို့၍ မြို့နယ်မီးသတ်ဌာနသို့ ချက်ချင်းအကြောင်းကြားမှု ဆောင်ရွက်ရန်၊ မြို့နယ်အဖွဲ့အစည်းများသို့လည်း ချက်ချင်းအကြောင်းကြားတင်ပြရန်။

ဆောင်ရွက်မည့်နည်းလမ်း

၄။ မိမိ၏ စက်ရုံအတွင်း မီးဘေးအန္တရာယ်တစ်စုံတစ်ရာဖြစ်ပွားပါက အလွယ်တကူ ငြိမ်းသတ်နိုင်ရန်အတွက် အောက်ဖော်ပြပါ မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများကို နောက်ဆက်တွဲပါ စက်ရုံမြေပုံတွင် ထည့်သွင်းဖော်ပြထားရှိပါသည်။

၅။ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများထားရှိရန် သတ်မှတ်မှု

(က)	မီးသတ်စင်	(၇) စင်
(ခ)	မီးချိတ်	(၂၅) ခု၊ မီးကပ် (၂၀)ခု
(ဂ)	မီးသတ်လက်ဆွဲရေပုံး	(၁၅) လုံး
(ဃ)	မီးသတ်သဲစည်ပိုင်း	(၅) လုံး
(င)	မီးသတ်သဲကော်ပြား	(၁၀) ခု
(စ)	မီးသတ်ဆေးဗူး	(၁၅) ဗူး

၆။ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက စက်အဖွဲ့သည် လောင်စာပစ္စည်းများကို မီးဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်း၊ ကုန်ချောများကို အချိန်မီရွှေ့ပြောင်းနိုင်သမျှ စနစ်တကျကွပ်ကဲရွှေ့ပြောင်းခြင်း၊ ပစ္စည်းများရွှေ့ပြောင်းထားရာနေရာတွင် ပစ္စည်းပျောက်ပျက်မှုမရှိအောင် သွားရောက်စောင့်ရှောက်ခြင်း၊ စံစစ်ဆေးရေးအဖွဲ့နှင့် ပစ္စည်းထုတ်ပိုးရေးအဖွဲ့သည် ရေသဲတို့ဖြင့် ယူဆောင်ပက်ဖြန်းခြင်း၊ မီးချိတ် မီးကပ်တို့ဖြင့် မီးနားနီးသော ပစ္စည်းများကို ဆွဲယူငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ပြုလုပ်ရမည်။

၇။ မီးဘေးအန္တရာယ်ဖြစ်ပွားလာပါက စတင်တွေ့ရှိသူသည် အများကြားအောင် မီးလောင်ကြောင်း အော်ဟစ်ပြီးမီးသတ်ဆေးဗူး ယူ၍ငြိမ်းသတ်ရမည်။ လုံခြုံရေးအဖွဲ့သည် မီးဘေးအန္တရာယ်ကျရောက်စဉ် စက်ရုံလုံခြုံရေးကို အထူးဂရုစိုက်ရမည်ဖြစ်ပြီး၊ မီးငြိမ်းသည်အထိ ဆက်သွားတာဝန်ကိုယူ၍ စက်ရုံမှန်နေဂျာနှင့် စက်ရုံ၏ ဒါရိုက်တာအဖွဲ့တို့ကို တင်ပြကြရမည်။

၈။ စက်ရုံမှူးနှင့် ကုမ္ပဏီမန်နေဂျာသည် မြို့နယ်အဖွဲ့အစည်းများသို့ ချက်ချင်းဆက်သွယ်၍ မီးဘေးအန္တရာယ်ကာကွယ်ရေး အတွက် အကူအညီတောင်းခံရမည်။ မီးသတ်ကားများ မီးသတ်ဌာန ဝန်ထမ်းများကို အကူအညီပေးရမည်။

၉။ စက်ရုံမှူးနှင့် ကုမ္ပဏီမန်နေဂျာသည် မီးလောင်မှုငြိမ်းသတ်ပြီးပါက ပျက်စီးဆုံးရှုံးမှုများကို စနစ်တကျစိစစ်သတ်မှတ်ခြင်း၊ မီးလောင်ရမှုအခြေအနေကို တာဝန်ရှိသူများ စစ်ဆေးတင်ပြခြင်းဆောင်ရွက်ရန်။

နိဂုံး။

၁၀။ စက်ရုံ၊ အလုပ်ရုံလုံခြုံရေး၊ မီးဘေးကင်းဝေးရေးအတွက် စက်ရုံလုပ်သားများမှ အစဉ်ဂရုပြုအလေးထားလိုက်နာဆောင်ရွက် လျှက် ကုမ္ပဏီပိုင်ပစ္စည်းများ ဆုံးရှုံးပျက်စီးမှုမှ ကင်းဝေးလျှက် စက်ရုံတွင် လုပ်သားပျော်ရွှင်စွာ အလုပ်ခွင်ဝင်ရောက်စေခြင်းဖြင့် လုံခြုံရေးအန္တရာယ်ကင်းဝေးစေနိုင်မည်ဖြစ်ပါသည်။

MYANMAR WOOD MART CO., LTD.
Building 29, Room No. (504), Shine Tower II, Joe Phyu Street,
Mingalar Taung Nyunt Township, Yangon, Myanmar.
Tel : 951-380430, 951-382122-6 (Ext : 1504), Fax : 951-380430

မြန်မာသစ်ဈေးကွက်ကုမ္ပဏီလီမိတက်
ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်း

အစည်းအဝေးသဘာပတိ	ဦးဝင်းအောင်(အုပ်ချုပ်မှုဒါရိုက်တာ)
အစည်းအဝေးကျင်းပသည့်နေ့	၁၀-၆-၂၀၀၆
အစည်းအဝေးကျင်းပသည့်အချိန်	နံနက်(၁၀:၀၀)နာရီ
အစည်းအဝေးကျင်းပသည့်နေရာ	ကုမ္ပဏီရုံးခန်း တိုက်အမှတ်(၂၉)၊ အခန်း-၅၀၄၊ ရှိုင်းတာဝါ(၂)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အစည်းအဝေးတက်ရောက်သူများ

(၁)	ဦးဝင်းအောင်	အုပ်ချုပ်မှုဒါရိုက်တာ
(၂)	ဒေါ်ဝင်းဝင်းရွှေ	ဒါရိုက်တာ

ဆွေးနွေးသည့်အကြောင်းအရာများ

(၁) ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ခွဲသားနှင့် ရာဘာသစ်ပရိဘောဂထုတ်လုပ်ရေး

(၂) လုပ်ငန်းစက်ရုံတည်ဆောက်မှု မြေနေရာ သတ်မှတ်ခြင်း

(၃) အထွေထွေ

ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ခွဲသားနှင့်ရာဘာသစ်ပရိဘောဂထုတ်လုပ်ရေး

အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းအောင်မှ ဦးစွာ ဆွေးနွေးတင်ပြရာတွင် မိမိတို့ကုမ္ပဏီ၏ ရည်ရွယ်ချက်တစ်ရပ်ဖြစ်သည့် ရာဘာသစ်ခွဲသားများနှင့် ပရိဘောဂထုတ်လုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်သည့်အနေဖြင့် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ခွဲသားနှင့် ရာဘာသစ်ပရိဘောဂထုတ်လုပ်မှု လုပ်ငန်းကို လုပ်ကိုင်နိုင်ပါက နိုင်ငံခြားတင်ပို့ကုန်အဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကုမ္ပဏီအနေဖြင့်လည်း အကျိုးရှိကြောင်း ဆွေးနွေးပါသည်။

ဆုံးဖြတ်ချက်(၁)

(က) ယင်းဆွေးနွေးချက်အပေါ် တက်ရောက်လာသည့်ဒါရိုက်တာအဖွဲ့ဝင်များက ဆွေးနွေးကြပြီး တစ်နှစ်လျှင် ခွဲစိတ်ပေါင်းတင်ပြီး ရာဘာသစ်ခွဲသားတန် ( ) ခန့် ကုမ္ပဏီအနေဖြင့် ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်ဆောင်ရွက်ရန်နှင့် ရာဘာသစ်ပရိဘောဂ( )တန် ထုတ်လုပ်ရန် အများသဘောတူဆုံးဖြတ်ကြပါသည်။

(ခ) ယင်းသို့ စက်ရုံတည်ထောင်ဆောင်ရွက်မှုအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရယူဆောင်ရွက်ရန် အများသဘောတူ ဆုံးဖြတ်ကြပါသည်။

လုပ်ငန်းစက်ရုံတည်ဆောက်မှုအခြေအနေသတ်မှတ်ခြင်း

အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းအောင်မှ စက်ရုံတည်ဆောက်မှုအတွက် မြေနေရာကျယ်ဝန်းမှု၊ ကုန်ကြမ်းရယူရန် နီးကပ်မှု၊ ရေညစ်စွန့်ပစ်မှုအတွက် အဆင်ပြေမှု စသည့်အခြေအနေများ လိုအပ်ပါကြောင်း ယင်းအခြေအနေနှင့် ပြည့်စုံသည့် ဤကုမ္ပဏီအနေဖြင့် လန(၃၉)အမည်ပေါက်ရရှိထားပါကြောင်း ဆွေးနွေးပါသည်။ ယင်းဆွေးနွေးချက်အပေါ် ဒါရိုက်တာများ ညှိနှိုင်းဆွေးနွေးကြပြီး အောက်ပါအတိုင်း အများသဘောတူ ဆုံးဖြတ်ကြပါသည်။

ဆုံးဖြတ်ချက်

(က) ကုမ္ပဏီအမည်ပေါက် ဟန္တာဝတီတိုင်း၊ ထားဝယ်မြို့နယ်၊ သပြေချောင်းကျေးရွာရှိ လန(၃၉) မြေအမျိုးအစား မြေကွက်အမှတ်(၁၀၃/ခ)၊ ဦးပိုင်အမှတ်(၂၆၈/၁+၂+၃+၄+၅+၇+၈+၁၁+၁၂/၂၆၉/၂၇၀) မြေဧရိယာ(၇.၅၄)ဧက ရှိ မြေကို လုပ်ငန်းဆောင်ရွက်ရန် မြေအဖြစ်သတ်မှတ်ပြီး ယင်းမြေပေါ်တွင် လုပ်ငန်းအတွက် စက်ရုံတည်ဆောက်ဆောင်ရွက်ရန် အများသဘောတူဆုံးဖြတ်ကြပါသည်။

